# ပန်းဂေါ်ဖီမျိုးစေ့ထုတ်လုပ်ခြင်း

## ALIVE-FNS စီမံကိန်း

## ချင်းပြည်နယ် (မြောက်ပိုင်း)

## ကုန်းမြင့်တောင်သူများအတွက် ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်






**ဒေသတွင်းရှိ မျိုးကွဲ/မျိုးစုံ  တောင်သူ ကိုယ်တိုင် ထုတ်လုပ်ခြင်းနှင့် ဒေသထွက် မျိုးစေ့များကို ထိန်းသိမ်းရန် ပန်းဂေါ်ဖီမျိုးစေ့ထုတ်လုပ်ခြင်း။**






**၁။** ပန်းဂေါ်ဖီသည် ပျိုးပင်ရွှေ့စိုက်ရသောသီးနှံဖြစ်သည်။ ပျိုးဘောင် ၃ပေ အကျယ်၊ အမြင့် ၆ လက်မ ကို ပြုလုပ်၍ နောက်ချေး (သို့) မြေဆွေးကို ၂-၃ kg/m2 နှုန်းဖြင့်ထည့်ပါ။ မျိုးစေ့ကို ၅ လက်မခြား အတန်းလိုက်အစေ့ချပြီး၊ ပျိုးပင် ၃-၄လက်မအရွယ်တွင် ကြံ့လှီသော ပျိုးပင်များကို ဖယ်ထုတ်ပေးရမည်။ ပျိုးပင်များသည် ပျိုးဘောင်တွင် ရက်၃၀ တစ်လသား အထိ ထားရန် နှင့် ရွက်မှန် (၃-၄) ရွက်ခန့် ကောင်းမွန်စွာ ဖွံ့ဖြိုးချိန်တွင် စိုက်ခင်းထဲသို့ ရွှေ့စိုက်ပေးရမည်။






၂။ ကောင်းမွန်စွာ ပြုပြင်ထားသော စိုက်ခင်းတွင် ပျိုးပင်များကို ပြောင်းရွှေ့စိုက်ပျိုးပါ။ စိုက်ခင်း၏မြေဆီသြဇာ ပေါ်မူတည်၍ ၁၀၀ စတုရန်း မီတာတွင် သစ်ဆွေးမြေသြဇာ ၇-၁၀ အိတ်ထည့်ရပါမည်။ မျိုးစေ့ထုတ်လုပ်ရာတွင် သာမန်စိုက်ခင်းများထက် ပျိုးပင်အကွာအဝေး ပိုကျယ်ရန် လိုအပ်သည်။ ပင်ခြား၊တန်ခြားအကွာအဝေးမှာ တစ်ပင်နှင့် တစ်ပင်(၁)ပေခြား၊ တစ်တန်းနှင့်တစ်တန်း (၁.၅) ပေခြား စိုက်ပျိုးခြင်းသည် အကောင်းဆုံးဖြစ်သည်။ ပျိုးပင်ရွှေ့စိုက်ပြီး (၄၅)ရက်အကြာတွင် သစ်ဆွေးမြေသြဇာ (သို့) နောက်ချေးကို တစ်ပင်လျှင် လက်နှစ်ဆုပ်စာ (၀.၅ kg)နှုန်း ကျွေးရပါ မည်။






**၃။ အပင်ရွေးချယ်ခြင်းနှင့် ဖယ်ရှားခြင်း:** ကြံ့လှီသော အပင်၊ ရောဂါကျ ရောက်သောအပင်၊ အပင် ပုံသဏ္ဍာန် မမှန်သောအပင် (သို့) ကြီးထွားမှု နည်းပါးသောအပင်များကို အပင်ကြီးထွားချိန် နှင့် ပန်းပွင့်ချိန်တို့တွင် ဖယ်ရှားပစ်ရမည်။ မကောင်းသောအပင်များကို ဖယ်ရှား ခြင်းသည် အရည်အသွေးကောင်းမွန်သော မျိုးစေ့ထုတ် လုပ်ရာတွင် အရေးကြီး သော အဆင့်ဖြစ်သည်။

**၄။** ပန်းပွင့်ချိန်တွင် အပင်နှစ်ဘက်တွင်ပွင့်သော ပန်းခိုင်ငယ်များသည် မျိုးစေ့အရည်အသွေးညံ့ ဖျင်းတတ်သောကြောင့် ဖြတ်/ညှပ်ပေးရမည်။ ကျန်မာသန်စွမ်းသော အလယ်ဗဟိုပန်းခိုင်ကိုသာ ချန်ထားပေးရမည်။







**၅။** အသီးတောင့်များ ခြောက်သွေ့သွားသောအခါ ရိတ်သိမ်းပါ။ သီးတောင့်များ အညိုရောင် သန်းချိန်တွင် အတွင်းမှအစေ့များသည် အညိုရောင်ဖျော့အဆင့်သို့ ပြောင်းသွားပြီး သီးတောင့်မာလာသည်။ သီးတောင့်များ အပင်ပေါ်တွင် ရင့်မှည့်ခြောက်သွေ့သည် အထိထား ရန်နှင့် ပန်းခိုင်ထိပ်ကို ဖြတ်/ညှပ်ပေးခြင်းဖြင့် အာဟာရပြည့်စုံ သော အစေ့အဆန်ပါ သီးတောင့်များ ရရှိမည် ဖြစ်သည်။

**၆။** ပန်းခိုင်များကို ရိတ်သိမ်း၍ အရိပ်ထဲတွင် နှစ်ပတ်ထား ပါ။ အသီးတောင့်များကို ချွေလှေ့၍ အမှိုက်/အစအနများ ကို ဖယ်ရှားပါ။ အစေ့များသည် ကြွပ်ရွတ်သောကြောင့် အစေ့အဆန်များ မကြေရန် သေချာကိုင်တွယ်ရပါမည်။ သန့်ရှင်းခြောက်သွေ့သော အစေ့များကို အေးမြခြောက်သွေ့သော အမှောင်ခန်းတွင် လုံခြုံစွာ ဖုံးအုပ်၍ သိုလှောင်ထားရမည်။

### ပန်းဂေါ်ဖီမျိုးစေ့ ထုတ်လုပ်မှု၏အကျိုးကျေးဇူး နှင့် ယေဘူယျ အခြေအနေ

ချင်းပြည်နယ်တွင် ပင်လယ်ရေမျက်နှာပြင်အမြင့် ၁၅၀၀မီတာ (၄၅၀၀ ပေ)ခန့်တွင် မျိုးစေ့ ထုတ်လုပ်ရန် အကောင်းဆုံးဖြစ်သည်။ ဆောင်းရာသီ အောက်တိုဘာလတွင် စိုက်ပျိုးပြီး နောက်မိုးရာသီ မရောက်မီ ဧပြီလ- မေလတွင် မျိုးစေ့ထုတ်ယူရပါမည်။ ပန်းပွင့်များ ကြီးထွားရန်အတွက် ဆောင်းရာသီတွင် အပူချိန် ၅-၁၀°C ရရှိရန် လိုအပ်သည်။ ပန်းဂေါ်ဖီတပင်လျှင် မျိုးစေ့ ၁၅-၂၀ ဂရမ် ထုတ်လုပ်ရရှိနိုင်သည်။ မျိုးစေ့များသည် စနစ်တကျသိုလှောင်ပါက (၄)နှစ်အထိ အပင်ပေါက်မှုကောင်းပါသည်။